# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

February 26 , 2024 Volume 75, Number 17

၂၆.၂.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၃၃ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၆၅၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၄.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၂.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၁.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၆.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၇၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၃၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၆၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၃၉.၆၁ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၅၃၇ ကျပ် |

Source: CBM Rate, etrademyanmar.com

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလတွင် ငါးသလောက်ပိဿာချိန် ၅၈,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇန်နဝါရီလတွင် ငါးသလောက်ပိဿာချိန် ၅၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းကပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလက ငါးသလောက် ပိဿာချိန် ၄၅,၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး ယခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ၃၁ ရက်နေ့ထိ ငါးသလောက်ပိဿာချိန် ၅၈,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးသလောက်တစ်ပိဿာလျှင် ငွေကျပ် ၁၂,၅၀၀ မှ ၇၈,၀၀၀ ထိ အကြီးအသေး အရွယ်အစားအပေါ်မူတည်ပြီး ဈေးအနိမ့်အမြင့်ရှိကြောင်း သိရသည်။

“ဒေသထွက် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဇန်နဝါရီလ ငါးသလောက်ပိဿာချိန် ၅၈,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရတယ်။ လက်ရှိလဲ ငါးသလောက်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ငါးသလောက် တွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကိုတင်ပို့ရောင်းချနေပါတယ်”ဟု လပွတ္တာမြို့နယ်ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

လပွတ္တာမြို့နယ်က ထွက်ရှိသည့်ငါးသလောက်များကို ဒေသဈေးကွက်အပြင် ရန်ကုန်နှင့်နေပြည်တော်ဈေးကွက်ကိုလည်း တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးသလောက်များ တင်ပို့ရောင်းချနေရသည့်အတွက် ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## မြန်မာ့စိန်တလုံး သရက်သီးဈေးကွက်အလားအလာ

ပြည်တွင်းမှာ စိန်တလုံးသရက်သီးကို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ရန် ပြင်ဆင်သင့်ပြီး လတ်ဆတ်သီးနှံအဖြစ် စိန်တလုံးသရက်သီးကို ၂၀၁၁ ခုနှစ်က စတင်ကာ တရုတ်ဈေးကွက်အပြင် အခြားနိုင်ငံများကို တင်ပို့ခဲ့သည်။

ထိုသို့ တင်ပို့ရာတွင်လည်း အရည်အသွေးထိန်းသိမ်းမှုဆိုင်ရာများကို ကြိုတင် ပြင်ဆင်ပြီး ဈေးကွက်ဈေးကောင်းရရှိနိုင်သည့် နိုင်ငံခြားဈေးကွက်သို့ တင်ပို့ရာတွင် ခေတ်မီအအေးခန်းများဖြင့်သိုလှောင်ခြင်း၊ အအေးခန်းကွန်တိန်နာများဖြင့် တင်ပို့နိုင်ရန်

ပြင်ဆင်မှုများ ပြုလုပ်ရန်လိုအပ်လျက်ရှိသည်။



ထို့သို့တင်ပို့ရာတွင်အအေးခန်းကွန်တိန်နာများ အခက်အခဲရှိနိုင်ခြင်း၊ သယ်ယူပို့ဆောင်စရိတ် ကြီးမြင့်ခြင်းများကြောင့် နိုင်ငံခြားဈေးကွက်သို့ တင်ပို့ရာတွင် တင်ပို့နိုင်သည့် ကုန်သည်အချို့သာ တင်ပို့နေပြီး တောင်သူများက ထိုကုန်သည်အနည်းငယ်ထံသို့သာ ရောင်းချရသဖြင့် ဈေးကွက်ဈေးကောင်းရသော်လည်း ပမာဏများများ တင်ပို့နိုင်ခြင်းမရှိ ဖြစ်နေသည်။

လက်ရှိအချိန်တွင် ပြည်တွင်းသရက်သီး အမျိုးအစားအနည်းငယ်ကိုသာ နယ်စပ်ဒေသ မူဆယ်မှတစ်ဆင့် အများအပြားတင်ပို့နေသော်လည်း လမ်းခရီးကွာဝေးခြင်း၊ ထုပ်ပိုးမှုအားနည်းခြင်း၊ သရက်သီး၏ စင်တင်ကာလ ၅-၇ ရက်အတွင်းသာ တင်ပို့ရသဖြင့် ပျက်စီးမှုများရှိနေပြီး တောင်သူများ နစ်စဉ်ဆုံးရှုံးမှုများဖြင့် ရင်ဆိုင်နေရသည်။ သို့သော်လည်း တင်ပို့မှုပမာဏများများကို ဝယ်ယူနိုင်သည်မှာလည်း တရုတ်ဈေးကွက်တစ်ခုသာရှိနေသည်။ ထို့ကြောင့် သရက်သီးရာသီတွင် တောင်သူများအနေဖြင့် တရုတ်ဈေးကွက်ကိုသာ တင်ပို့ရောင်းချပြီး အရည်အသွေးအလိုက် ဈေးဖြတ်ခြင်းကို တစ်ဖက်နိုင်ငံသို့ ရောက်ရှိချိန်မှသာ ဈေးဖြတ်သဖြင့် ဈေးကောင်းရသင့်သလောက်မရရှိဘဲ ရောင်းချနေရသည်မှာ ၂၀၁၇ ခုနှစ်ကတည်းက ဖြစ်သည်။

ယင်းနောက် ကိုဗစ်ကာလတွင် တင်ပို့နိုင်မှု လျော့ချသွားပြီး ပြည်တွင်းဈေးကွက်တွင်သာ ရောင်းချရသည့် အနေအထား ဖြစ်လာသည်။ တစ်ချိန်တည်းမှာပဲ ကိုဗစ်ကာလအတွင်း ပြည်ပလေယာဉ်များ ရပ်နားထားချိန် ပင်လယ်ရေကြောင်းမှ အအေးခန်းကွန်တိန်နာများဖြင့် စတင်တင်ပို့ရန် အခွင့်အလမ်းပေါ်ပေါက်ခဲ့ပြီး စင်ကာပူနိုင်ငံသို့ တန် ၅၀ ခန့် ယင်းနှစ်တွင် စတင်တင်ပို့နိုင်ခဲ့သည်။

ထိုသို့တင်ပို့ရာတွင် တောင်သူများထံမှ ဝယ်ယူရရှိသည့် အရည်အသွေးကောင်းအသီးများကို အရွယ်အစားအလိုက် ရွေးချယ်ပြီး ဆေးကြောသန့်စင်ကာ အအေးခန်းအတွင်းသိုလှောင်ပြီး သင်္ဘောရက်ချိန်းဖြင့်ချိန်ညှိကာ တင်ပို့ရတာဖြစ်တာကြောင့် ပမာဏများများ တင်ပို့နိုင်ခြင်းမရှိခဲ့သလို လိုချင်သည့်ပမာဏကိုလည်း တစ်ပြိုင်နက်တည်းရရှိရန် အခက်အခဲရှိတာကြောင့် ရွေးချယ်ပြီး အရည်အသွေးကောင်းအသီးများကိုသာ တင်ပို့ရောင်းချပြီး ကျန်အသီးများကို ပြည်တွင်းဈေးကွက်တွင်သာရောင်းချခဲ့ရသည်။

သရက်သီးများကို တင်ပို့နိုင်ရန်အတွက် သရက်ခြံများက လာရောက်သွင်းသည့် ပမာဏမှ ၁၀-၆၅ ရာခိုင်နှုန်းကိုသာ ရွေးချယ်ဝယ်ယူပြီး ပို့ကုန်အဖြစ် တင်ပို့နိုင်ခြင်းဖြစ်သည်။ အားသာချက်အနေဖြင့် မြန်မာ့စိန်တလုံးသရက်သီးမှာ အရသာကောင်းမွန်ပြီး အချိုဓာတ် ၁၅-၁၈ ရာခိုင်နှုန်းထိ မြင့်မားတာကြောင့် အခြားနိုင်ငံများမှ သရက်သီးများနည်းတူ ဈေးကွက်ဈေးကောင်းရရှိနေခြင်းသည် အားသာချက်တစ်ခုရှိနေခြင်းဖြစ်သည်။

အားနည်းချက်မှာ ယခင်ကတည်းက အသီးဆွတ်ခူးထုပ်ပိုးမှု အားနည်းချက်များကြောင့် တာရှည်မခံနိုင်ခြင်း သယ်ဆောင်ရာတွင် လွယ်ကူမှုမရှိခြင်းတို့ကြောင့် အဝေးတင်ပို့မှုများမှာ အသီးပျက်စီးမှုဖြစ်နေခြင်းဖြစ်သည်။ နောက်ပိုင်းတွင် ပို့ကုန်သရက်သီးများကို ၁၆ ကီလိုခြင်းများဖြင့် ဖော့စွတ်ခြင်း၊ စက္ကူပတ်ခြင်းများဖြင့်သာ တင်ပို့နေခြင်းဖြစ်သည်။

အအေးခန်းကွန်တိန်နာဖြင့် တင်ပို့မည်ဆိုပါက အသီးအရည်အသွေးကောင်းများကို ရွေးချယ်ဆေးကြောပြီး အရွယ်အစားအလိုက် ဂျပ်ဖာများဖြင့်သာ ၁၀ ကီလိုဖာများဖြင့်လည်းကောင်း၊ ၁၆ ကီလိုခြင်းများဖြင့် ထည့်ရာတွင်လည်း ၁၅ ကီလို ခန့်သာ ထည့်ပြီး အသီးပျက်စီးမှုနည်းစေရန်နှင့် လေဝင်လေထွက်ကောင်းစေရန် ထုပ်ပိုးပြီး ပေ ၂၀ အအေးခန်းကွန်တိန်နာဖြင့် ၁၁-၁၂ အအေးဒီဂရီတွင်ထားရှိပြီး ဆိပ်ကမ်းအရောက်တင်ပို့ကာ သင်္ဘောဖြင့်လည်း အအေးခန်းအတိုင်း သယ်ယူပို့ဆောင်ခြင်းဖြစ်သဖြင့် စင်ကာပူဈေးကွက်တွင် မြန်မာ့စိန်တစ်လုံးကို လတ်ဆတ်သီးနှံအဖြစ် ဆူပါမားကက်ကြီးများတွင် မြင်တွေ့နေရခြင်းဖြစ်သည်။ သို့သော်လည်း ပမာဏများများ တင်ပို့နိုင်ခြင်းမရှိသေးသည်မှာ ပြည်တွင်းတွင် အအေးခန်းများမရှိခြင်း၊ အအေးခန်းကွန်တိန်နာများငှားရမ်းခဈေး ကြီးမြင့်ခြင်းများကြောင့် တောင်သူများလက်လှမ်းမမီသည့် တင်ပို့မှုလုပ်ငန်းစဉ်တစ်ခုဖြစ်နေသည်။

ထို့ကြောင့် အသင်းအဖွဲ့များမှဦးဆောင်ပြီး ကုမ္ပဏီများမှတစ်ဆင့် စုပေါင်းတင်ပို့ရောင်းချလျှင် ပြည်ပဈေးကွက်တွင် ဈေးကောင်းရရှိနိုင်သည့် စိန်တလုံးသရက်သီးကို တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိလာမည်ဖြစ်သည်။ လက်ရှိအချိန်တွင် ဈေးကွက်ဖော်ဆောင်ရန် ပို့ကုန်ကုမ္ပဏီအချို့က တနိုင်တပိုင်လုပ်ငန်းအဖြစ်သာ တင်ပို့နေခြင်းဖြစ်သည်။

နိုင်ငံခြားဈေးကွက်တွင် နာမည်ကောင်းရရှိပြီး ဈေးကွက်အလားအလာကောင်းသည့် စိန်တလုံးကို လတ်ဆတ်သီးနှံအဖြစ် တင်ပို့ရန် ရေရှည်အတွက် သရက်သီးထွက်ရှိရာဒေသများတွင် အအေးခန်းတည်ဆောက်ပြီး သိုလှောင်ကာ အအေးခန်းကားများဖြင့် တင်ပို့နိုင်ပါက တောင်သူများအတွက် အကျိုးပိုမိုရရှိလာမည် ဖြစ်သည်။

မြန်မာ့စိန်တလုံးကို ပထမဆုံးနိုင်ငံခြားတင်ပို့မှုကို မန္တလေးတိုင်းဒေသကြီး သရက်အစုအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ (သဇင်နွယ်) သရက်ခြံကဦးဆောင်ပြီး စင်ကာပူနိုင်ငံသို့ စတင်တင်ပို့ခဲ့ခြင်းဖြစ်သည်။

ပို့ကုန်သရက်သီးအရည်အသွေးကို ရေရှည်ထိန်းသိမ်းရန်အတွက် နယ်မြေဒေသအလိုက် တောင်သူအစုအဖွဲ့များက စုပေါင်းပြီး တညီတညာတည်း အသီးထွက်ရှိရန်ဆောင်ရွက်ခြင်း၊ Good Agriculture Practice (GAP)လမ်းစဉ်များကို လိုက်နာဆောင်ရွက်ခြင်း၊ ဈေးကွက်သို့ စုပေါင်းရောင်းချခြင်းများကို ဆောင်ရွက်ပါက ပို့ကုန်အရည်အသွေးထိန်းသိမ်းပြီး ဈေးကွက်ဈေးကောင်းလည်း ရရှိလာမည်ဖြစ်သည်။ မိမိခြံမှထွက်ရှိသော သရက်သီးများကို အလေအလွင့်မရှိ အရည်အသွေးအလိုက် ရောင်းချနိုင်ရန်အတွက် နိုင်ငံခြား ဈေးကွက်သို့တင်ပို့မည့် ပို့ကုန်အသီး၊ ပြည်တွင်းဈေးကွက်တွင်သာရောင်းချမည့် အသီးများကိုခွဲခြားပြီး ရောင်းချနိုင်ပါက ဝင်ငွေ ပိုမိုရရှိလာမည်။

မြန်မာ့စိန်တလုံးကို တရုတ်နိုင်ငံသို့ နယ်စပ်မှတစ်ဆင့် တင်ပို့နေရာမှာ ဈေးကောင်းရရှိလိုက်၊ မရရှိလိုက်ဖြစ်နေတာကြောင့် တခြားဈေးကွက်ကို ရှာဖွေတင်ပို့နိုင်မှသာ ဈေးကောင်းရရှိလာမည်ဖြစ်သည်။ ပို့ကုန်တင်ပို့တာနှင့်အတူ တန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်သည့်စနစ်ပါ တွဲဖက်ထုတ်လုပ်နိုင်မှသာ အဆင်ပြေမည်ဖြစ်သည်။

ထို့ပြင် ပို့ကုန် အရည်အသွေးမမီသည့် သရက်သီးများကို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ပြောင်းလဲထုတ်လုပ်ပြီး အလေအလွင့်မရှိစေရန် လုပ်ဆောင်နိုင်ပါက ဆုံးရှုံးမှုနည်းပါးပြီး ဝင်ငွေပိုမိုရရှိလာမည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် တောင်သူများအနေဖြင့် အသီးအရည်အသွေး ညီညာကောင်းမွန်စေရန်အတွက် ခြံပြုပြင်ခြင်းလုပ်ငန်းများကို တစ်နှစ်ပတ်လုံးဆောင်ရွက်ပြီး အရည်အသွေးကောင်း သရက်သီးများထွက်ရှိအောင် ဆောင်ရွက်နိုင်သည်။ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် အသေးစားစက်မှုလုပ်ငန်းများကို အားပေးထောက်ပံ့ခြင်းအားဖြင့် တန်ဖိုးမြင့်ထုတ်ကုန်များ တိုးမြင့်ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ထိုသို့ လတ်ဆတ်ပို့ကုန်သရက်သီးအဖြစ် တင်ပို့နိုင်ရန်အတွက် သရက်သီးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ ပူးပေါင်းပြီး ဈေးကွက်အသစ်များကို ရှာဖွေနိုင်ရန် ပူးပေါင်းဆောင်ရွက်ရပါမည်။

ထို့ပြင် ပို့ကုန်ဆိုင်ရာ မူဝါဒများက လတ်ဆတ်သီးနှံများ တင်ပို့ရာတွင် ဦးစားပေးအဆင့်အတန်းဖြင့် သယ်ယူပို့ဆောင်နိုင်ရေး ပို့ကုန်လိုင်စင်များ အခွန်အခများ ပေးဆောင်ရာတွင် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရန် မူဝါဒပိုင်းဆိုင်ရာများဖြင့် ကူညီပေးသင့်သည်။ နိုင်ငံတကာဈေးကွက်ထိုးဖောက်နိုင်ရန်အတွက် ရာသီအလိုက်ထွက်ရှိသော သရက်သီးများကို နိုင်ငံတကာပြပွဲများဖြင့် ချိတ်ဆက်ပြသနိုင်ရန် စီးပွားရေးသံမှူးများ၏ အခန်းကဏ္ဍမှာလည်း အရေးပါလှသည်။

ပြည်တွင်းမှထွက်ရှိသည့် စိန်တလုံးအရည်အသွေးနှင့် ပြည်တွင်းမှထွက်ရှိချိန်ကာလတို့ဖြင့်တိုက်ဆိုင်ပြီး ဈေးကွက်မြင့်တင်ခြင်းများ၊ မိတ်ဆက်ခြင်းများကို ဆောင်ရွက်ပေးနိုင်ပါက နှစ်အနည်းငယ်အတွင်း မြန်မာ့သရက်သီးသည် ဒေသတွင်းနိုင်ငံများသို့အပြင် အနောက်နိုင်ငံများသို့လည်း တင်ပို့ရောင်းချလာနိုင်ပြီး ပို့ကုန်ကဏ္ဍကိုမြှင့်တင်ကာ နိုင်ငံခြားဝင်ငွေ တိုးတက်လာမည်ဖြစ်သည်။

ပို့ကုန်ကဏ္ဍ တိုးတက်လာခြင်းသည် စိုက်ပျိုးရေးကွင်းဆက်တစ်ခုလုံး ရရှိခံစားရတာဖြစ်တာကြောင့် တိုင်းပြည်အတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိစေသည်။ လက်ရှိအချိန်တွင် သရက်သီးထွက်ရှိမှု၏ ၃၀ ရာခိုင်နှုန်းခန့်ကို နယ်စပ်ဒေသမှ တင်ပို့နေပြီး ပင်လယ်ရေကြောင်းမှ ငါးရာခိုင်နှုန်းခန့်သာတင်ပို့နေပြီး ပြည်တွင်းဈေးကွက်တွင် ၆၅ ရာခိုင်နှုန်းခန့် ရောင်းချနေခြင်းဖြစ်သည်။

**Source: မကွေးဂျာနယ်**

## ခရမ်းချဉ်သီးဈေးနှုန်းတွေ တစ်ပိဿာ ၁၀၀ ကျပ်ပဲရတော့တာကြောင့် ခူးဆွတ်မှုတွေရပ်ထားရ

ဒေသမျိုးရင်းဖြစ်တဲ့ ခရမ်းချဉ်သီးတွေရဲ့ ခြံဖြတ်ဈေးနှုန်းတွေဟာ တစ်ပိဿာကို ငွေကျပ် ၁၀၀ ဝန်းကျင်ပဲ ရရှိတော့တာကြောင့် ခူးဆွတ်မှုတွေရပ်ဆိုင်းထားရတယ်လို့ တောင်သူတွေက ပြောပါတယ်။

ဖေဖော်ဝါရီလလယ်ပိုင်းကစပြီး ခရမ်းချဉ်သီးဈေးနှုန်းတွေ သိသိသာသာကျဆင်းခဲ့တာဖြစ်ပြီး လက်ရှိဈေးနှုန်းအရ စီးပွားရေး တွက်ခြေမကိုက်တော့တဲ့အတွက် အခုလိုခူးဆွတ်မှုရပ်နားလိုက်ရတာ ဖြစ်ပါတယ်။ "အရင်းမကျေတဲ့အပြင် အလုပ်သမားခပါ ထပ်ရှုံးမှာဆိုတော့ မထူးတော့ဘူးလေ။ ရပ်ထားလိုက်ရတာပဲ" လို့ စဉ့်ကိုင်မြို့နယ်ကတောင်သူတစ်ဦးက ပြောပါတယ်။

လက်ရှိဈေးကွက်ထဲမှာ ဒေသမျိုးရင်း ခရမ်းချဉ်သီးဈေးနှုန်းတွေဟာ တစ်ပိဿာကို ၃၀၀ ကနေ ၅၀၀ ကြားရှိနေပေမဲ့ တောင်သူတွေက ငွေကျပ် ၁၀၀ ဝန်းကျင်ပဲရရှိနေတာ ဖြစ်ပါတယ်။

**Source:** https://t.me/htwettoe

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၁၉-၂-၂၀၂၄ မှ ၂၄-၂-၂၀၂၄) အတွင်း ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲတစ်တန်ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃၁,၂၅,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃၃,၄၅,၀၀၀ နှင့် ပဲစင်းငုံ Red/RC(2024 Crop) ကျပ် ၃၈,၅၀,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲFAQ/ RC(2024Crop) ကျပ် ၉၅,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၁,၁၅,၀၀၀ နှင့် ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၈၅,၀၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၄၀ လုံး (တန်ချိန် ၉၆၀) နှင့် ပဲစင်းငုံ Red/RC(2024 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) နှင့် ပဲစင်းငုံ Red/RC(2024 Crop) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၃၅ လုံး (တန်ချိန် ၈၄၀) နှင့် ပဲစင်းငုံ Red/RC (2024 Crop) ကွန်တိန်နာ ၅လုံး (တန်ချိန် ၁၂၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ရှောက်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရှောက်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ ပန်းရဲရှောက်(သစ်) AC ကျပ် ၁၀၀၀၀၊ မြားနီ ကျပ် ၈၅၀၀ နှင့် ဆင်ဖြူကျွန်း (ပု) ကျပ် ၁၆၀၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မြားနီ ကျပ် ၂၀၀၊ ပန်းရဲရှောက်(သစ်) AC ကျပ် ၅၀၀ နှင့် ဆင်ဖြူကျွန်း (ပု) ကျပ် ၁၅၀၀ ဈေးကျဆင်းခဲ့သည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ရှောက်ရှည် အိတ်ပေါင်း ၅၇၀၀(၁,၁၄,၀၀၀ ပိဿာ) နှင့် ရှောက်ပု အိတ်ပေါင်း ၇၀၀ (၁၀,၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ရှောက်ရှည် အိတ်ပေါင်း ၈၀၀၀(၁,၆၀,၀၀၀ ပိဿာ) နှင့် ရှောက်ပု အိတ်ပေါင်း ၁၆၀၀ (၂၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ရှောက်ရှည် အိတ်ပေါင်း ၂၃၀၀ (၄၆,၀၀၀ ပိဿာ) နှင့် ရှောက်ပု အိတ်ပေါင်း ၉၀၀(၁၃,၅၀၀ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၃၁၀၀၊ မန်ကျည်းအသား (သစ်) ကျပ် ၅၀၀၀ နှင့် မန်ကျည်းသီး ရမည်းသင်း ဒါးဇင်း ကျပ် ၂၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးဈေးများ ငြိမ်လျက်ရှိကြောင်းသိရသည်။

**ထန်းလျက်၊ ကြံသကာ နှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒိုး) ကျပ် ၅၂၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၅၀၀၀၊ ပခုက္ကူကြမ်း ကျပ် ၅၄၀၀၊ ရေစကြို ထန်းလျက်(ချော)ကျပ် ၅၇၀၀၊ ကြံသကာ ကျပ် ၄၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၉၈၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာ မလိုင်(ဒိုး) ကျပ် ၃၀၀၊ ပခုက္ကူကြမ်း ကျပ် ၁၀၀၊ ရေစကြိုထန်းလျက်(ချော) ကျပ် ၃၀၀ နှင့် သကြား (ပြည်တွင်း) ကျပ် ၇၀

အသီးသီးဈေးမြင့်တက်ခဲ့ကြောင်းသိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁၉-၂-၂၀၂၄ မှ ၂၄-၂-၂၀၂၄ ) အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီနှင့်ကြက်သွန်ဖြူ ကုန်စည်ဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့် မြစ်သားမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၄၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၃၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၁၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၃၀၀၊ မြစ်သားသစ်ရှယ် ကျပ် ၃၂၀၀၊ မြစ်သားလတ်ကြီး ကျပ် ၃၁၀၀၊ မြစ်သားလတ်သန့် ကျပ် ၂၈၀၀ နှင့် မြစ်သားလတ်ချော ကျပ် ၂၁၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၅၀၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၅၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၅၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၄၀၀၊ မြစ်သားသစ်ရှယ် ကျပ် ၄၀၀၊ မြစ်သားလတ်ကြီး ကျပ် ၅၀၀၊ မြစ်သားလတ်သန့် ကျပ် ၃၀၀ နှင့် မြစ်သားလတ်ချော ကျပ် ၂၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၄၀ စီး(၈၄၀၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၂၉ စီး (၇၇၄၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၁၁ စီး ( ၆၆၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြို့ကုတ်နှင့် အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြို့ကုတ်ရှယ် ကျပ် ၉၂၀၀၊ အောင်ပန်းထူး-၂ ကျပ် ၁၆၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၇၀၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၇၃၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၇၈၀၀ အသီးသီးဈေး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြို့ကုတ်ရှယ် ကျပ် ၆၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၃၅၀၀ (၁၀၅၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၅၂၀၀ (၁၅၆၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ်ရေ ၁၇၀၀ (၅၁၀၀၀ ပိဿာ) ပိုမို ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## အိန္ဒိယနိုင်ငံ၏ဆောင်းကြက်သွန်နီ အထွက်ကျဆင်းဖွယ်ရှိကြောင်း ကုန်သည်များပြောကြား



အိန္ဒိယနိုင်ငံ၌ နောင်လာမည့် မိုးကြက်သွန်နီ ရိတ်သိမ်းထွက်ပေါ်ချိန်အထိ ကြက်သွန်နီ အရောင်းပြတ်လပ်မှုကို တွေ့ကြုံနိုင်ဖွယ်ရှိကြောင်း ကုန်သည်အသိုင်းအဝိုင်းက ပြောဆိုလျက်ရှိပါသည်။ ဆောင်းကြက်သွန်နီ ရိတ်သိမ်းရရှိမှုမှာ ၃၀ ရာခိုင်နှုန်း ကျဆင်းခဲ့သဖြင့် ရာမာဒန်ဥပုသ်ကာလဖြစ်သော မတ်လ အစောပိုင်းတွင် ကြက်သွန်နီဈေးနှုန်းများ မြင့်တက်မှုကို ကြုံတွေ့ရဖွယ်ရှိသည်။ ၂၀၂၃ ခုနှစ်အတွင်း မဟာရဋ္ဌ၊ ကာနာတာကာနှင့် အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ အခြားပြည်နယ်များစွာတွင် မုတ်သုံမိုး ရွာသွန်းမှု ပုံပျက်ယွင်းပြီး မိုးရေချိန်ရရှိမှုလျော့နည်းခဲ့ရာ အဓိက သီးနှံများဖြစ်သည့် ပဲမျိုးစုံ၊ ကြံနှင့်ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်မှု အပေါ် ထိခိုက်မှုရှိခဲ့သည်။

ကြက်သွန်နီတင်ပို့သည့် ကုန်သည်များက ဗဟိုအစိုးရထံတင်ပြသော စာတစ်စောင်တွင် ပို့ကုန်ပမာဏကို သင့်လျော်သော နည်းလမ်းဖြင့်ထိန်းချုပ်မှုမရှိဘဲ ကြက်သွန်နီတင်ပို့မှုကိုခွင့်ပြုပါက ရင်ဆိုင်လာရမည့် အကျိုးဆက်များစွာရှိကြောင်း သတိပေး ဖော်ပြထားသည်။ ၁၉-၂-၂၀၂၄ နေ့၌ အစိုးရအရာရှိများနှင့်တွေ့ဆုံရာတွင် ကြက်သွန်နီတန်ချိန် ၃,၀၀,၀၀၀ တင်ပို့ခွင့်ပြုခြင်းက မဟာရဋ္ဌပြည်နယ်၊ နာရှစ်ခရိုင်ရှိ ဈေးကွက်များ၌ တစ်ကီလိုဂရမ်လျှင် ရူပီး ၃၅-၄၀ နှုန်းသို့လည်းကောင်း၊ အခြားလက်လီ ဈေးကွက်များတွင် တစ်ကီလိုဂရမ်လျှင် ရူပီး ၅၀-၆၀ နှုန်းအထိလည်းကောင်း မြင့်တက်စေမည်ဟု ပို့ကုန်လုပ်ငန်းရှင်များက ပြောကြားခဲ့ကြသည်။

ရာမဒါန်ပွဲတော်ကြောင့် ဝယ်လိုအားတိုးတက်သည့်အပြင် ဈေးကွက်သို့ မိုးကြက်သွန်နီများ ဝင်ရောက်မှုလျော့နည်းခဲ့ပြီး ဆောင်းသီးနှံရာသီမှ ကြက်သွန်နီအသစ် ထွက်ပေါ်မည့်အချိန်နှင့် ကွာဟလျက်ရှိခြင်းကြောင့် မတ်လအစပိုင်း၌ ကြက်သွန်နီ ဝယ်လိုအားနှင့် ဈေးနှုန်းများမြင့်တက်မည်ဟု ခန့်မှန်းရကြောင်း၊ မဟာရဋ္ဌနှင့်မဒ္ဒရာပရာဒေ့ရှ် ပြည်နယ်များ၌ ဆောင်းကြက်သွန်နီ စိုက်ပျိုးမှုလျော့ကျခဲ့ကြောင်း၊ မိုးကြက်သွန်နီမှာ ရှေ့လာမည့် ၁၅ ရက်အတွင်း ဈေးကွက်ဝင်ရောက်မှု ကျဆင်းလျက် လက်ကျန်ကုန်ဆုံးတော့မည့် အခြေအနေရှိကြောင်း၊ သီးနှံအသစ်မှာ မတ်လလယ်နောက်ပိုင်းခန့်မှသာ ဝင်ရောက်ဖွယ်ရှိပြီး ပိုလျှံမှုမရှိဘဲ ယခင်နှစ်ထုတ်လုပ်နိုင်မှုအောက် လျော့နည်းနိုင်ကြောင်းဖြင့် ကြက်သွန်နီတင်ပို့သူများက ပြောကြားခဲ့ပါသည်။

အိန္ဒိယအစိုးရသည် ပြည်တွင်းဈေးနှုန်းမြင့်တက်မှုနှင့် ကုန်ပြတ်လပ်နိုင်မည့် အလားအလာတို့ကို ထိန်းချုပ်နိုင်ရန် ကြက်သွန်နီတင်ပို့မှုကို ၂၀၂၃ ခုနှစ်ဒီဇင်ဘာလမှ ၂၀၂၄ ခုနှစ် မတ်လအထိပိတ်ပင်ခဲ့သည်။ ထိုသို့ပိတ်ပင်မှုကြောင့် ကြက်သွန်နီ ဈေးနှုန်းများကျဆင်းခဲ့ရာ အဓိကစိုက်ပျိုးထုတ်လုပ်ရာဒေသဖြစ်သည့် မဟာရဋ္ဌပြည်နယ်တွင် လယ်သမားများက ဆန္ဒပြ ဖော်ထုတ်ခဲ့ကြပါသည်။

တင်ပို့မှုပိတ်ပင်ခဲ့သော်လည်း အချို့သောပို့ကုန်လုပ်ငန်းရှင်များသည် ကြက်သွန်နီကို ခရမ်းချဉ်သီး သို့မဟုတ် စပျစ်သီး အဖြစ်ကြေညာ၍ တင်ပို့ခဲ့ကြကြောင်း၊ ထိုသို့ ကုန်အမျိုးအမည် လွဲပြောင်းဖော်ပြ၍ တင်ပို့ခြင်းများကို အကောက်ခွန်ဌာနက စစ်ဆေးဖော်ထုတ်ခဲ့ကြောင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးအချို့နှင့် အရာရှိကြီးများသည် ၁၈-၂-၂၀၂၄ နေ့တွင် ကြက်သွန်နီတင်ပို့မှု အခြေအနေကို ပြန်လည်သုံးသပ်လျက် တန်ချိန် ၃ သိန်းကို တင်ပို့ခွင့်ပြုရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အစိုးရအနေဖြင့် ကြက်သွန်နီများကို တင်ပို့ခွင့်ပြုရာတွင် ထိန်းကျောင်းမည့် အဖွဲ့အစည်းတစ်ခုကို တာဝန်ပေးအပ်ပြီး ချိန်ညှိ ဆောင်ရွက်ခြင်း၊ ပို့ကုန်ခွန်ကောက်ခံခြင်း၊ ဝယ်ယူသူများထံမှ ကုန်ဖိုးငွေကြိုတင်ပေးချေမှုကို မဖြစ်မနေလုပ်ဆောင်စေခြင်းနှင့် ပမာဏအလွန်နည်းပါးသည့် တန်ချိန် ၂၅၀-၃၀၀ ခန့်ကို တင်ပို့မှုဖြစ်ပါက ကန့်ကွက်မှုမရှိကြောင်း အသိပြုလက်မှတ် ထုတ်ပေးခြင်းတို့ကိုဆောင်ရွက်ရန် ကုန်သည်များက အကြံပြုထားသည်။

ကမ္ဘာ့ဈေးကွက်တွင် ကြက်သွန်နီပြတ်လပ်မှု ကြီးမားစွာဖြစ်ပေါ်နေပြီး အိန္ဒိယတစ်နိုင်ငံတည်းထံမှသာ ကြက်သွန်နီများကို ဝယ်ယူရရှိနိုင်ကြောင်း၊ ကြက်သွန်နီ၏ နိုင်ငံတကာဈေးနှုန်းများမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ မှ ၁၄၀၀ အတွင်း ဖြစ်ပေါ်နေချိန်၌ အိန္ဒိယဈေးကွက်တွင် တစ်တန်လျှင် ဒေါ်လာ ၃၅၀ ဖြင့် ဝယ်ယူရရှိနိုင်ကြောင်း ကြက်သွန်နီတင်ပို့သူများက ပြောကြားခဲ့ကြသည်။

**Source: Economic Times**

**Source:** https://www.doca.gov.mm

# STOCK EXCHANGE (26.2.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 23rd Feb. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,550 (Shares) | 13,428,050 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 216 | 1,814,400 | 33,109,694 | 278,121 |
| MTSH | 00002 | 2,950 | +50 | +1.72% | 2,900 | 2,950 | 2,900 | 2,146 | 6,225,900 | 38,929,150 | 114,841 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 0 | 0 | 10,400,986 | 78,007 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,550 | 229 | 354,950 | 29,664,613 | 45,980 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 0 | 0 | 12,823,224 | 30,776 |
| EFR | 00006 | 1,750 | -50 | -2.78% | 1,700 | 1,750 | 1,700 | 1,949 | 3,315,750 | 19,977,223 | 34,960 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 0 | 0 | 10,497,598 | 50,389 |
| MAEX | 00008 | 1,750 | +50 | +2.94% | 1,700 | 1,750 | 1,700 | 1,010 | 1,717,050 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 23rd Feb. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 357.72 | +1.13 | +0.32% | 356.59 | 357.72 | 355.53 | 5,550 | 13,428,050 | 8 | 674,733 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 23rd Feb. 2024

| Trading Volume | Trading Value |
|---|---|
| 5,550 (Shares) | 13,428,050 (MMK) |

### Main Board

As of 1:00 pm, 23rd Feb. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,550 (Shares) | 13,428,050 (MMK) |

| MYANPIX | 357.72 ▲ 1.13 |
|---|---|
| Total Volume (shares) | 5,550 |
| Total Value (MMK) | 13 mil |
| Listed Company | 8 |
| Market Cap. (MMK) | 674,733 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▲ 0 |
| MTSH | 00002 | 2,950 | ▲ 50 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 1,750 | ▼ 50 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 50 |